## ပြေစာပေါ်မှာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း



- ❖ ဝယ်ယူစားသုံးသူများအနေဖြင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာများလက်ခံရရှိခြင်းဖြင့် မိမိတို့ ပေးဆောင်လိုက်သည့် ကုန်သွယ်လုပ်ငန်းခွန်သည် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ ရောက်ရှိသွားသည်မှာ သေချာကြောင်း အလွယ်တကူ သိရှိနိုင်ပါသည်။

## ကုန်သွယ်လုပ်ငန်းခွန်ဆိုသည်မှာ ?

- ❖ ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံမှ ကျသင့်ငွေနှင့်အတူ အခွန်ကို တစ်ပါတည်း ပေါင်း၍ ကောက်ခံပြီး ရရှိသည့်အခွန်ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရသည့် သွယ်ဝိုက်ခွန် အမျိုးအစားဖြစ်ပါသည်။







- ❖ ကုန်သွယ်လုပ်ငန်းခွန်ကို အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဖြင့် ကောက်ခံခြင်းကို စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှုလုပ်ငန်းတို့အပေါ် ၅% ဖြင့်လည်းကောင်း၊ ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် ၁% ဖြင့် လည်းကောင်း ကောက်ခံလျက်ရှိပါသည်။

## လုပ်ငန်းရှင်ရဲ့တာဝန် ?




လုပ်ငန်းရှင်များအနေဖြင့် ပြေစာစာအုပ်များထားရန်၊ ပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန်တာဝန်ရှိပါသည်။

- ❖ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်နိုင်ရန်အတွက် လုပ်ငန်းရှင်အဖြစ် ပတခ(ကသခ)-၂ မှတ်ပုံတင်ထားခြင်း၊
- ❖ ပြေစာစာအုပ်များကို သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးတွင် တံဆိပ်ရိုက်နှိပ်ခြင်း၊
- ❖ ပြေစာပေါ်တွင် ကပ်နှိပ်နိုင်ရန် အခွန်အမှတ်တံဆိပ်များကို သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးမှ ကြိုတင်ရယူထားခြင်း၊
- ❖ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့်ပြေစာကိုထုတ်ပေးခြင်း
- ❖ ကောက်ခံရရှိပြီးသည့် ကုန်သွယ်လုပ်ငန်းခွန်များကို လစဉ်လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးသွင်းခြင်း၊

## ပျက်ကွက်မှုအတွက်ဒဏ်ငွေ




- ❖ ပြေစာ သို့မဟုတ် ငွေရရှိကြောင်းအထောက်အထားထားရန်ပျက်ကွက်ပါက စည်းကြပ်မှုအရကျသင့်အခွန်၏ ၁၀%၊
- ❖ ပြေစာ သို့မဟုတ် ငွေရရှိကြောင်းအထောက်အထားထုတ်ပေးရန်ပျက်ကွက်လျှင် ယင်းတန်ဖိုးအပေါ် ကျသင့်အခွန်၏ ၁၀၀% ၊
- ❖ ပြေစာကို ထုတ်ပေးသော်လည်း ကျသင့်အခွန်ပမာဏအတိုင်းအခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်လျှင် ယင်းတန်ဖိုးအပေါ် ကျသင့်အခွန်၏၁၀၀%၊
- ❖ အထက်ပါ ဒဏ်ငွေအပြင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ပျက်ကွက်မှု အကြိမ်အလိုက် အောက်ပါအတိုင်း ဒဏ်ငွေပေးဆောင်ရပါမည် -
  - ပထမအကြိမ် — ကျပ်နှစ်သိန်း
  - ဒုတိယအကြိမ် — ကျပ် ငါးသိန်း
  - တတိယအကြိမ် — ကျပ် ခုနစ်သိန်း
  - တတိယအကြိမ်အထက် — တစ်ကြိမ်လျှင် ကျပ်တစ်ဆယ်သိန်း

## ဘယ်နေရာမှာသတင်းပေးတိုင်ကြားလို့ရသလဲ?

- ❖ သင်ဟာ ခရီးသွားရင်း စားသောက်ဆိုင်မှာ စားပြီး၊ ဒါမှမဟုတ် ဟိုတယ်/ တည်းခိုခန်းမှာတည်းပြီး၊ ပြေစာမှာ အခွန်အမှတ်တံဆိပ် မပါတာတွေ့ရင်..
- ❖ ရွှေဆိုင်မှာရွှေထည်ပစ္စည်းဝယ်ယူတဲ့အခါ ဒါမှမဟုတ် ရုပ်မြင်သံကြားဝန်ဆောင်မှုရယူတဲ့အခါ ရရှိတဲ့ပြေစာအပေါ်မှာ အခွန်အမှတ်တံဆိပ်မပါတာတွေ့ရင်...



❖ လုပ်ငန်းတည်ရှိတဲ့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးကို သတင်းပေးတိုင်ကြားဖို့ကလည်း ခရီးသွားရင်းဖြစ်လို့ ဒါမှမဟုတ် အခြားကိစ္စရပ်တစ်ခုခုကြောင့် အခက်အခဲ ရှိနေလျှင်....

မည်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်မဆို ပြေစာ အထောက်အထားများနဲ့ တိုင်ကြားနိုင်ပါတယ်။

## သတင်းပေးသူကို ဆုချီးမြှင့်ခြင်း

❖ သတင်းပေးတိုင်ကြားသူအနေဖြင့် သက်ဆိုင်သည့် လုပ်ငန်းရှင်၏ ပျက်ကွက်မှုအပေါ်မူတည်၍ တပ်ရိုက်တဲ့ ဒဏ်ငွေ အပေါ်မှာ ၁၀% ဆုချီးမြှင့်မှာဖြစ်တဲ့ အတွက် **အနည်းဆုံး ကျပ်၂၀,၀၀၀/-အထက်မှ ကျပ် ၁၀၀,၀၀၀/-အထက်အထိ** ရရှိနိုင်ပါသည်။

❖ သတင်းပေးတင်ပြသူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းပြုမည်မဟုတ်ပါ။

## စားသုံးသူများ ပူးပေါင်းကူညီဆောင်ရွက်ရန်

❖ ပြေစာများကို တောင်းခံခြင်း၊

❖ ကျသင့်အခွန်နှင့်အညီ အခွန်အမှတ်တံဆိပ် အပြည့်အဝ ကပ်နှိပ်ထားခြင်း ရှိ/ မရှိ စိစစ်ခြင်း၊

❖ သတင်းပေးတိုင်ကြားခြင်းနှင့်ဆုကြေးငွေထုတ်ယူခြင်း။

## ကျေးဇူးတင်လွှာ

❖ နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့်အခွန်အကောက်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်။

❖ ဥပဒေအရ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ ပေးဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

❖ စားသုံးသူပြည်သူများအနေဖြင့် လုပ်ငန်းရှင်များထံမှ ပြေစာတောင်းခံခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်များမှန်ကန်စွာ ရရှိရေးကို ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

❖ နိုင်ငံတော်က ရသင့်ရထိုက်တဲ့အခွန်များကို ဥပဒေနှင့်အညီ ပေးဆောင်ပေးကြပါသော **ပြည်သူများနှင့်** မိမိတို့၏ရောင်းရငွေ/ရငွေနှင့်အတူ အခွန်ကောက်ခံပြီး၊ နိုင်ငံတော်သို့ လစဉ် လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ပေးကြပါသော **လုပ်ငန်းရှင်(အခွန်ထမ်းများ) အား** အထူးကျေးဇူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက/သတင်းပေးတိုင်ကြားလိုပါက သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြန်ကြားရေးအဖွဲ့(ရုံးချုပ်) ၀၆၇-၄၃၀၅၃၃၊ ၀၆၇-၄၃၀၅၂၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၀၂-၃၀၁၉၂ သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်း/တိုင်ကြားနိုင်ပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## “ပြေစာများအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်အတွက် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း”






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ **“နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။”**

Internal Revenue Department
OfficeBuilding (46), NayPyiTaw
https://www.irdmyanmar.gov.mm